# စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင်
# Coronavirus Disease (COVID–19) ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍
# ဆက်လက်ကြီးကြပ်ဆောင်ရွက်မည့် အစီအစဉ်

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Coronavirus Disease (COVID–19) ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်နေမှုရှိ/မရှိ အချိန်နှင့်တပြေးညီ ကြီးကြပ်စိစစ်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပူးပေါင်းပါဝင်၍ အောက်ပါ အစီအစဉ်များအတိုင်း ဆောင်ရွက်ရပါမည်။

(က) မိမိ၏ **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကို ကိုယ်တိုင်ကြီးကြပ်ခြင်း**

မိမိတို့၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID–19 ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် မိမိတို့ကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်နိုင်ရန် စက်ရုံမှတာဝန်ချထားသော လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအရာရှိ၊ မန်နေဂျာနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီမှ အလုပ်သမားကိုယ်စားလှယ် (၁)ဦးတို့ပါဝင်သည့် အနည်းဆုံး အဖွဲ့ဝင်(၃)ဦး ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) မိမိတို့၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID–19 ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်သောအချက်များကို ပြည့်စုံမှန်ကန်စွာ လိုက်နာဆောင်ရွက်နေခြင်း ရှိ/မရှိကို သတ်မှတ်ထားသော Check list ဖြင့် နေ့စဉ် စစ်ဆေး၍ မှတ်တမ်းထားရှိ၍ မြို့နယ်အဆင့် ဖွဲ့စည်းထားသောအဖွဲ့ထံသို့ အစီရင်ခံတင်ပြခြင်း။

(၂) မိမိတို့၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID–19 ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် အသိပညာပေးခြင်းနှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။

(၃) မိမိတို့၏ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ ဝန်ထမ်းများအကြား ဖျားနာခြင်း၊ ဖျားနာသည့် ရောဂါရာဇဝင်ရှိခြင်းနှင့် သံသယဖြစ်ဖွယ်လက္ခဏာများ ရှိ/မရှိ

စောင့်ကြည့်၍ တွေ့ရှိပါက သက်ဆိုင်ရာဌာနများသို့ အချိန်နှင့်တပြေးညီ အသိပေး အကြောင်းကြားခြင်း၊

(၄) အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

## (ခ) မြို့နယ်အဆင့် ကြီးကြပ်ခြင်း

မြို့နယ်များ၌ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID-19 ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော မြို့နယ်အဆင့်အဖွဲ့ဖြင့် ကြီးကြပ်ဆောင်ရွက်ရပါမည်။ ယင်းအဖွဲ့တွင် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် စက်မှုဇုန်မှ ကိုယ်စားလှယ်များ ပါဝင်ရပါမည်။ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) စက်မှုဇုန် အလိုက်ဖြစ်စေ/စက်ရုံစု အလိုက်ဖြစ်စေ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန များ အချင်းချင်း လိုအပ်သလို အဖွဲ့ငယ်များ ဖွဲ့စည်း၍ အပြန်အလှန် ကြီးကြပ် ဆောင်ရွက်စေခြင်း၊

(၂) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန များရှိ တာဝန်ရှိသူများအား အကြံပြုချက်များပေးခြင်း၊

(၃) ပုံမှန်ဖြစ်စေ၊ လိုအပ်ချက်အရဖြစ်စေ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကာလ သတ်မှတ်၍ Check list အသုံးပြု၍ ကွင်းဆင်းစစ်ဆေးခြင်း၊

(၄) အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ် ဌာနများကို သတိပေးစာ ထုတ်ပြန်ခြင်း၊ ခံဝန်ထိုးစေခြင်းစသည့် စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် ထိန်းကျောင်းတည့်မတ်ခြင်း၊

(၅) လိုက်နာဆောင်ရွက်ရန် ထပ်မံပျက်ကွက်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန များကိုတိုင်းဒေသကြီး/ပြည်နယ်အဆင့်အဖွဲ့ထံ တင်ပြခြင်း၊

(၆) စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ (သို့မဟုတ်) စက်မှုဇုန်/စက်ရုံစု အဖွဲ့ငယ်များက တင်ပြသည့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသော စစ်ဆေး ချက်အစီရင်ခံစာများကို စိစစ်သုံးသပ်၍ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အဖွဲ့ထံ (၂)လ တစ်ကြိမ်တင်ပြခြင်း၊

(၇) အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

## (ဂ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကြီးကြပ်ခြင်း

တိုင်းဒေသကြီး/ပြည်နယ်များ၌ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ဖြင့် ကြီးကြပ်ဆောင်ရွက်ရပါမည်။ ယင်းအဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သို့မဟုတ်) တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရှိ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာန နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ကိုယ်စားလှယ်များ ပါဝင်ရပါမည်။ ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြို့နယ်အဆင့် ဖွဲ့စည်းထားသောအဖွဲ့များမှ တင်ပြလာသော အစီရင်ခံစာများကို စိစစ်ခြင်းနှင့် ယင်းအပေါ် မူတည်၍ ကွင်းဆင်းစစ်ဆေးခြင်း၊

(၂) COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်သောတိုင်ကြားစာများ၊ အငြင်းပွားမှုများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊

(၃) စက်ရုံများ၊ အလုပ်ရုံများ၊ အလုပ်ဌာနများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် လိုက်နာဆောင်ရွက်ရန် လိုအပ်သော အချက်များကို လိုက်နာဆောင်ရွက်နေခြင်း ရှိ/မရှိ ကျပန်းစနစ်ဖြင့် ရွေးချယ်၍ အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊

(၄) စက်ရုံများ၊ အလုပ်ရုံများ၊ အလုပ်ဌာနများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့ဝင်များမှ မေလ ၁၅ ရက်နေ့အထိ စစ်ဆေးခဲ့စဉ်က တွေ့ရှိချက်နှင့်အကြံပြုချက်များအပေါ် အခြေခံ၍ ကွင်းဆင်းစစ်ဆေးခြင်း။

(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ရောဂါများနှင့်စပ်လျဉ်း၍ စက်ရုံများ၊ အလုပ်ရုံများ၊ အလုပ်ဌာနများမှ တာဝန်ရှိသူများကို လိုအပ်သော အကြံပြုချက်များပေးခြင်း၊

(၆) လိုအပ်ချက်နှင့် ညွှန်ကြားချက်များ ရှိပါက အသေးစားနှင့် အလတ်စား စက်မှုလက်မှု လုပ်ငန်းများ(SME)အား စစ်ဆေးပေးခြင်း၊

(၇) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၃-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Coronavirus Disease 2019(COVID-19)နှင့် စပ်လျဉ်း၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန် ဖြည့်စွက် အသိပေး ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည့် မရှိမဖြစ် လိုအပ်သော လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ် သော လုပ်ငန်းများ၏ လိုက်နာဆောင်ရွက်ပြီးစီးကြောင်း တင်ပြချက်များအပေါ် အခြေခံ၍ ကွင်းဆင်းစစ်ဆေးခြင်း၊

(၈) အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(၉) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် စက်ရုံ၊ အလုပ်ရုံ ၊ အလုပ်ဌာနများကို အရေးယူနိုင်ရန် တိုင်းဒေသ ကြီး/ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

(၁၀) လစဉ် ဆောင်ရွက်မှု အစီရင်ခံစာနှင့် ထူးခြားဖြစ်စဉ်များကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများသို့ တင်ပြခြင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန